# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 29, 2019 Volume 19, Number 20


**၂၉.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၁/-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၈၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၀ ကျပ် |
| CBM Rate | = ၁၅၃၅.၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၂.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၀.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၄၀.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၁.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၂.၁၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၅၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၁၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၂၀၄ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ–တရုတ် နှစ်နိုင်ငံအကြား ကုန်စည်ဖလှယ်မှုစနစ်ဖြင့် နှစ်နိုင်ငံ အရောင်းအဝယ်ပြုလုပ်မည့် ဆန်အပါအဝင် အခြားကုန်စည် အမျိုးအစားနှင့်ပမာဏကို ယခုလကုန်ဆွေးနွေးမည်

မြန်မာ–တရုတ်နှစ်နိုင်ငံအကြား ကုန်စည်ဖလှယ်မှုစနစ် (Barter System) ဖြင့် နှစ်နိုင်ငံအရောင်းအဝယ်ပြုလုပ်မည့် ဆန်အပါအဝင်အခြား ကုန်စည် အမျိုးအစားနှင့်ပမာဏကို ယခုလကုန်တွင်ဆွေးနွေးမည်ဖြစ် ကြောင်း မေလ ၂၇ ရက်က ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားသည်။

တစ်ဖက်နဲ့တစ်ဖက် Barter စနစ်နဲ့လုပ်ဖို့ မေလ ၃၀ ရက် ဦးရဲမင်းအောင် (ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ) နဲ့အဖွဲ့ ကုန်စည်ဖလှယ်တဲ့စနစ်နဲ့ဆန်ရောင်း ဝယ်ဖို့အတွက် သွားဆွေးနွေးပါမယ်။ ဒီဟာကကလည်း တရုတ်နိုင်ငံ အတွက် ကလည်း ပေါ်လစီအသစ် မြန်မာနိုင်ငံအတွက်လည်း ပေါ်လစီအသစ် ဖြစ်တဲ့ အတွက် ဒီနှစ်ခုကညှိနှိုင်းမှုတွေလုပ်ရမှာ။ ဟိုဘက်က ဘာကုန်တွေ ဝယ်မှာ လည်း ဒီဘက်ကလည်း အဲဒီကုန်ပမာဏနဲ့ ညီမျှတဲ့ဆန် ဘယ်လောက်ဖိုး အထိ ပို့မှာလဲဆိုတဲ့ညှိနှိုင်းမှုတွေ မေ ၃၀ ရက်ကျရင် အဖွဲ့တစ်ဖွဲ့ သွားမယ် ဟု ဦးအောင်သန်းဦးကပြောကြားသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံနှင့် တရုတ်နှစ်နိုင်ငံအကြား ဆောင်ရွက်မည့် ကုန်စည်ဖလှယ်မှုစနစ်မှာ နှစ်နိုင်ငံလုံး အတွက် မူဝါဒအသစ်ဖြစ်သောကြောင့် နှစ်နိုင်ငံဖလှယ်မည့် ကုန်စည်အမျိုး အစားများအတွက် ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် အဆိုပါ ကုန်စည်ဖလှယ်မှုစနစ်အတွက် မြန်မာနိုင်ငံဘက်မှ အခက်အခဲမရှိသော်လည်း တရုတ်နိုင်ငံဘက်မှ ဝယ်ယူမည့် ကုန်စည်အမျိုးအစားနှင့် မိမိနိုင်ငံသို့တင်သွင်းမည့် ကုန်စည်အမျိုးအစားအပေါ ်မူတည်ကာ ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။ ကျွန်တော် တို့ဘက်ကတော့ ဘာအခက်အခဲမှမရှိဘူး။ တရုတ်နိုင်ငံမှာ ပေါ်လစီမရှိသေးဘူး။ ကုန်စည်ဖလှယ်တဲ့ စနစ်တစ်ခုကို ဖော်ဆောင်နေတာဖြစ်တဲ့အတွက် သူတို့ဘက်မှာတော့ရှိတယ်။ မြန်မာပြည်အနေနဲ့ ကတော့ ဘယ်နည်းနဲ့ဖြစ်ဖြစ် ငါတို့ဆန်တွေရောင်းရဖို့ပဲ မြန်မာဘက်ကုန်သွယ်မှုနဲ့ပတ်သက်ရင် တော်တော်လေး ပွင့်လင်းတယ်။ တစ်ဖက်မှာတော့ ကိုယ့်ဆီကဝယ်မယ့် ဝယ်လက်အပေါ်ပဲမူတည်တယ်။ ဝယ်လက်နိုင်ငံရဲ့ တင်သွင်းတဲ့ ပေါ်လစီနဲ့ ကိုယ်တွေနဲ့ inline ဖြစ်ဖို့လိုတယ်ဟု ဦးအောင်သန်းဦးကပြောကြားသည်။

မြန်မာ–တရုတ် နှစ်နိုင်ငံအကြားကုန်ဖလှယ်မှုစနစ်ဖြင့် ကုန်သွယ်မှုပြုနိုင်ရန် ရေးထိုးခဲ့သည့်နားလည်မှု စာချွန်လွှာ (MoU) အရ ဆန်အပါအဝင် လယ်ယာသားငါးထွက်ကုန်များကို မူဆယ်မှတစ်ဆင့်တင်ပို့ရောင်းချပြီး

ယင်းတန်ဖိုးနှင့်ညီမျှသော ယူနန်ပြည်နယ်ထုတ် ဆောက်လုပ်ရေးပစ္စည်း၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ဓာတ်မြေဩဇာများ ပြန်လည်ဝယ်ယူပေးရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှသိရသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးအတွက် ယူနန်ပြည်နယ် ကူမင်းပြည်သူ့အစိုးရနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနတို့သည် ကုန်ဖလှယ်မှုစနစ် (Barter System) ဖြင့် ကုန်သွယ်မှုပြုလုပ်ရန် ဧပြီ ၂၁ ရက်က MoU လက်မှတ် ရေးထိုးခဲ့ခြင်းဖြစ်သည်။ အဆိုပါ MoU ကို ညှိနှိုင်းအကောင်အထည်ဖော်နိုင်ပါက ဆန်စပါးအပါအဝင် မြန်မာ့လယ်ယာသားငါး ထွက်ကုန်များကို မူဆယ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ တွင်ကျယ်စွာတင်ပို့ရောင်းချနိုင်မည်ဟုသိရသည်။ သို့သော် ကုန်ဖလှယ်မှုဖြစ်၍ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များတင်ပို့သည့် တန်ဖိုးနှင့်ညီမျှသော ယူနန်ပြည်နယ်ထုတ် ဆောက်လုပ်ရေးပစ္စည်းများ၊ လယ်ယာသုံးစက်ပစ္စည်းများနှင့် ဓာတ်မြေဩဇာစသောပစ္စည်းများ ပြန်လည်ဝယ်ယူပေးရမည်ဟု ဦးရဲမင်းအောင်က ပြောကြားသည်။

MoU လက်မှတ်ရေးထိုးသည့်အဖွဲ့များမှာ နှစ်နိုင်ငံမှအစိုးရဌာနများဖြစ်ပြီး အကောင်အထည်ဖော်ရန်အတွက် တရုတ်နိုင်ငံဘက်မှ ကုမ္ပဏီတစ်ခုကိုတာဝန်ပေးပြီး မြန်မာနိုင်ငံဘက်မှ UMFCCI ၏ လယ်ယာ/မွေး/ရေ ဖွံ့ဖြိုးရေး ကော်မတီကို တာဝန်ပေးထားကြောင်း၊ UMFCCI ကော်မတီနှင့် အသင်းအဖွဲ့များ ဆက်လက်ညှိနှိုင်းပြီး မြန်မာဘက်မှ တင်ပို့မည့်ပစ္စည်းများ၊ တင်သွင်းလိုသည့်ပစ္စည်းများ စာရင်းပြုစုရမည်ဖြစ်ကြောင်းနှင့် တရုတ်ဘက်မှလည်း တင်ပို့လိုသည့်ပစ္စည်းများ၊ တင်သွင်းလိုသည့်ပစ္စည်းများ စာရင်းပြုစုရမည်ဖြစ်ကြောင်းသိရသည်။ ပြီးခဲ့သည့်လပိုင်းအတွင်းက မြန်မာနိုင်ငံက တရုတ်နိုင်ငံသို့တင်ပို့မည့် ဆန်တန်ချိန် ၅၀၀၀၀ ခန့်မှာ မူဆယ်နယ်စပ်၌ ပိတ်မိနေသည့်အတွက် အစိုးရအနေဖြင့် ယူနန်ပြည်နယ်အစိုးရအပါအဝင် တရုတ်ဝယ်လက်များနှင့် အမြန်ဆုံးညှိနှိုင်းပေးရန် ဆန်ကုန်သည်များက တောင်းဆိုခဲ့မှုများရှိကြောင်းသိရသည်။

**Source: news-eleven**

## မြဝတီနယ်စပ်မှတစ်ဆင့် ထိုင်းသို့ ပို့ကုန်တင်ပို့မှု ယခင်နှစ်ထက် မြင့်တက်လာသော်လည်း ထိုင်းကုန်ပစ္စည်းတင်သွင်းမှုထက် ငါးဆခန့်လျော့နည်းနေဆဲဖြစ်



မြဝတီနယ်စပ် ကုန်သွယ်ရေးစခန်းမှ ယခုဘဏ္ဍာနှစ်တွင် ထိုင်းနိုင်ငံသို့ တရားဝင် ကုန်ပစ္စည်းတင်ပို့မှုမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လာသော်လည်း ထိုင်းကုန်ပစ္စည်း တင်သွင်းမှုထက် ငါးဆခန့် လျော့နည်းနေဆဲဖြစ်ကြောင်း သိရသည်။ ယခင်ဘဏ္ဍာနှစ်အတွင်းက ရှစ်ဆခန့်လျော့နည်းခဲ့ရာမှ ယခုနှစ် မြန်မာပို့ကုန်မြင့်တက်လာသော် လည်း ထိုင်းကုန်ပစ္စည်း တရားဝင်တင်သွင်းမှုမှာများစွာလျော့ကျလာခဲ့ခြင်းကြောင့်ဖြစ်သည်ဟု မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှသိရသည်။

မြဝတီနယ်စပ် ကုန်သွယ်ရေးစခန်းမှ ယခုဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် မေ ၁၇ ရက်ထိ ထိုင်းသို့ပို့ကုန် အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၇၃၇ သန်း ရှိပြီး မြန်မာနိုင်ငံဘက်သို့ ထိုင်းကုန်ပစ္စည်း တရားဝင် တင်သွင်းမှုမှာ ကန်ဒေါ်လာ ၄၆၈ ဒသမ ၅၆၄ သန်းရှိကြောင်း သိရသည်။

ယခင်ဘဏ္ဍာနှစ် ၂၀၁၇ အောက်တိုဘာ ၁ ရက်မှ၂၀၁၈ မေ ၁၇ ရက်အထိ ထိုင်းနိုင်ငံဘက်သို့ပို့ကုန် အမေရိကန်ဒေါ်လာ ၅၈ ဒသ မ ၆၁၅သန်းရှိပြီး ပြည်တွင်းဈေးကွက်သို့ ထိုင်းကုန်ပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ ၅၃၉ ဒသမ ၄၄၂ သန်းရှိခဲ့သည်။ သို့ဖြစ်၍ မြန်မာပို့ကုန်မှာ ယခင်နှစ် ကာလတူကထက် ၃၈ ဒသမ ၁၂၂ သန်း ပိုမိုကုန်သွယ်ထားသော်လည်း ထိုင်းကုန်ပစ္စည်း

တင်သွင်းမှုမှာ ယခင်နှစ် ကာလတူကထက် ၇၀ ဒသမ ၈၇၈ သန်း လျော့ကျခဲ့ကြောင်း သိရသည်။ မြဝတီနယ်စပ်မှ ထိုင်းကုန်စည်စီးဆင်းမှု နေ့စဉ်များပြားနေသော်လည်း ကုန်သွယ်မှုပမာဏလျော့ကျလာခြင်းမှာ တရားမဝင်ကုန်သွယ်မှု မြင့်တက်လာခြင်းကြောင့်ဖြစ်သည်ဟု မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက လစဉ်ပြုလုပ်သည့် ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေးပွဲတွင်ပြောကြားသည်။

**Source: news-eleven**

## အပူချိန်မြင့်မားနေမှုကြောင့် ယခုနှစ်တွင် အာလူးထွက်ရှိမှုလျော့နည်း

ယခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ အပူချိန်မြင့်မားလာမှုကြောင့် အာလူးထွက်ရှိမှု လျော့နည်းလာကြောင်း အာလူးအစုအဖွဲ့မှသတင်းရရှိသည်။ အာလူးစိုက်တောင်သူများ၏ စိုက်ပျိုးစရိတ်မှာ မြင့်မားသော်လည်း၊ အပူချိန်ကြောင့် အာလူးအထွက်နှုန်း လျော့ကျနေသည့်အတွက် တောင်သူများ အရှုံးပြနေကြောင်း အာလူးအစုအဖွဲ့ဥက္ကဋ္ဌ ဦးချမ်းထွေးက ပြောသည်။ အခုရာသီဥတုက အရမ်းနေတယ်။ အပူချိန်များတော့ အာလူး အထွက်ကျနေချိန်မှာ အာလူးဈေးကလည်း မကောင်းဘူးဆိုတော့တောင်သူတွေရှုံးပြီဟု ဦးချမ်းထွေးက ပြောသည်။



ပြည်တွင်း အာလူးစိုက်တောင်သူများ လုပ်ငန်းပိုင်းဆိုင်ရာ အရှုံးပြနေသည်မှာ လေးနှစ်ခန့်ရှိလာသည့် အတွက် လက်ရှိအချိန်တွင် အာလူးစိုက်တောင်သူအရေအတွက်ပါ လျော့နည်းလာနေကြောင်း အောင်ပန်းမြို့မှ အာလူးစိုက်တောင်သူ ဦးဝင်းရွှေက ဆိုသည်။

ပြည်တွင်း အာလူးကို အာလူးကြော်လုပ်ငန်းရှင်တွေက မကြိုက်ရတာနဲ့၊ တရုတ်ကအာလူးကို မယှဉ်နိုင်တာနဲ့ တောင်သူတွေရှုံးတာဆက်တိုက်ဖြစ်နေတယ်။ ဒီနှစ်ဆိုလည်း အပူချိန်ကြောင့် အာလူးတွေက ပျက်စီးကုန်တယ်ဟု ဦးဝင်းရွှေကပြောသည်။ လတ်တလောတွင် အပူချိန်ကြောင့် ထိခိုက်ပျက်စီးလာသည့် အာလူးခင်း များပြားလာပြီး၊ ယခုနှစ်တွင် အာလူးစိုက်ဧကအနေဖြင့် ၂၀၀၀ ခန့်သာရှိကြောင်းသိရသည်။

**Source: amiamyanmar.com**

## ဖျက်ပိုးကျရောက်နိုင်ခြေအရ တရုတ်ပြောင်းဈေးများ ခြောက်လအတွင်း အမြင့်ဆုံးရောက်လာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ငမြှောင်တောင်ဖျက်ပိုးက ပြည်တွင်းပြောင်းအထွက် ကျဆင်းရန် ခြိမ်းခြောက်နေသဖြင့် လက်ရှိအချိန်တွင် တရုတ်ပြောင်း ကြိုပို့ငွေဈေးများသည် ခြောက်လအတွင်း အမြင့်ဆုံးသို့ ရောက်ရှိလာသည်။ ယခုနှစ်ဆန်ပိုင်းက တရုတ်သို့ စတင်ကျရောက်ခဲ့သော ဆောင်းဦးငမြှောင်တောင်ကို ယခုအခါ တရုတ်ပြည်နယ်နှင့် ဒေသများစွာတွင် တွေ့ရှိခဲ့ရပြီးဖြစ်သည်။ ဆောင်းဦးငမြှောင်တောင်သည် ပြောင်းဖူး ဟက်တာများစွာကို ညတွင်းချင်း ဖျက်ဆီးပစ်နိုင်စွမ်းရှိပြီး မကြာမီတရုတ်နိုင်ငံ၏ ပြောင်းထုတ်လုပ်မှု အများဆုံး အရှေ့မြောက်ပြည်နယ်သို့ ရောက်ရှိလာမည်ဟုခန့်မှန်းထားသည်။

တနင်္လာနေ့က ဒါလီယံကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ပြောင်းဈေးနှုန်းများသည် တစ်ရာခိုင်နှုန်းမြင့်တက်၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာနောက်ပိုင်း အမြင့်ဆုံးအဖြစ် တစ်တန်လျှင် ၂၀၀၇ ယွမ် (၂၉၀ ဒသမ ၆၃ ဒေါ်လာ) သို့ ရောက်ရှိခဲ့သည်။ ဆောင်းဦးငမြှောင်တောင်ဟာ အရှေ့မြောက်ဘက်ကိုပျံ့နှံ့လာပြီး ပြောင်းသီးနှံအား အရေးကြီးအဆင့်မှာ ဖျက်ဆီးလိမ့်မယ်ဆိုတဲ့စိုးရိမ်မှုရှိနေပါတယ်။ ဒါကြောင့် တနင်္လာနေ့က ပြောင်းဈေး မြင့်တက်ခဲ့တာပါဟု Shengda Futures လုပ်ငန်း၊ သုတေသနဌာနမှ ဒုတိယဥက္ကဋ္ဌ Meng Jinhui က ပြောသည်။ အမေရိကန်-တရုတ်ဆွေးနွေးမှု အဆင်မပြေဖြစ်ခဲ့အပြီးမှာ အစကမျှော်လင့်ထားသလို အမေရိကန် ပြောင်းကို တရုတ်ကဝယ်ဖို့မရှိတော့တာကြောင့် ပြောင်းဈေးမြင့်တက်ခဲ့ရတာဟု ၎င်းကပြောသည်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် တနင်္လာနေ့က တရုတ်ကုန်စည် ဒေါ်လာ ၂၀၀ ဘီလျံအပေါ် အခွန်မြှင့်တင်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် နှစ်နိုင်ငံကုန်သွယ်ရေး ပဋိပက္ခပိုဆိုးလာခဲ့သည်။ တရုတ်သည် အစောပိုင်းတွေ့ဆုံဆွေးနွေးစဉ်က အမေရိကန် လယ်ယာကုန်စည်များ

တိုးမြှင့်ဝယ်ယူရန် ကတိပြုခဲ့ဖူးသည်။

ကုန်သွယ်စစ် ပိုတင်းမာလာသည့်နောက် ပြီးခဲ့သည့်နှစ်ပတ်အတွင်း ပြောင်းကြိုပွိုင့်ဈေးများ လေးရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့သည်။ တရုတ်အစိုးရသည် နိုင်ငံတော်အရန်ပြောင်းများ လေလံတင်ရောင်းချမှုကို မေလ ၂၃ ရက်တွင် စတင်မည်ဖြစ်သည်။ သို့သော် ပြောင်းလက်ကျန်မှာ ဈေးကွက်က မျှော်မှန်းထားသည်ထက် နည်းပါးနေပြီး ကြမ်းခင်းဈေးမှာလည်း အပြင်ပေါက်ဈေးအထက်တွင်ရှိသောကြောင့် ပြောင်းဈေးကို ထပ်မံ မြင့်တက်စေဖွယ်ရှိသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ပြောင်းအများစုမှာ တရုတ်ဈေးကွက်သို့ တင်ပို့လျက်ရှိကာ ယခုကဲ့သို့ ၎င်းနိုင်ငံအတွင်း ဈေးနှုန်း မြင့်တက်ခြင်းသည် မြန်မာနိုင်ငံအတွင်း ပြောင်းစိုက်ပျိုးသူများအတွက် သတင်းကောင်းဖြစ်ပြီး တချိန်ထဲတွင် ဖျက်ပိုးများ အန္တရာယ်ကိုလည်း သတိပြုဖွယ်ရာဖြစ်သည်။

**Source : Reuters**

## မြန်မာနိုင်ငံတွင် ထုတ်လုပ်သော ဘတ်စ်ကားများကို ပြည်ပသို့ပို့ မည်



မြန်မာနိုင်ငံတွင် ပထမဦးဆုံးစတင်ထုတ်လုပ်သည့် SC Neustar ဘတ်စ်ကားသစ်များကို ပြည်ပသို့ တင်ပို့မည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံတကာအဆင့်မီ ဘတ်စ်ကားများထုတ်လုပ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရောင်းချနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ကူညီပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောကြားသည်။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရှိ ရန်ကုန်စက်မှုဇုန်၌ မေ ၂၈ ရက်က ပြုလုပ်သည့် SC Neustar ဘတ်စ်ကားသစ် မိတ်ဆက်ပွဲတွင် ၎င်းက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုအချိန်သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများဖွင့်ပေးနေသည့်ကာလတစ်ခုဖြစ်ပြီး လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းကောင်းများနှင့် စိန်ခေါ်မှုများလည်းရှိကြောင်း၊ စိန်ခေါ်မှုများအား အခွင့်အလမ်းအနေဖြင့် ပြောင်းလဲအသုံးပြုနိုင်ပါက ကောင်းမွန်သောအခြေအနေများစွာအား ဖန်တီး နိုင်သည့်အနေအထားဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောသည်။ မြန်မာနိုင်ငံမှာ SC Auto Group မှ လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် ရွေးချယ်ခဲ့မှုအပေါ်တွင် ကျေးဇူးတင်ပါတယ်။ နိုင်ငံတကာအဆင့်မီ ဘတ်စ်ကားတွေကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံမှတစ်ဆင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ထုတ်လုပ် ရောင်းချနိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ တတ်စွမ်းသရွေ့ကူညီဆောင်ရွက်ပေးသွားမှာပါဟု ၎င်းကပြောသည်။

စင်ကာပူအခြေစိုက် SC Auto Group ကုမ္ပဏီသည် မြန်မာနိုင်ငံတွင်လာရောက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး ယင်းကုမ္ပဏီသည် ဘတ်စ်ကားများနှင့် အဝေးပြေးယာဉ်များကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံကို စီးပွားဖွံ့ဖြိုးဖို့ဆောင်ရွက်နေတဲ့အချိန် နည်းပညာပံ့ပိုးပေးနိုင်မယ့် ကုမ္ပဏီကြီးများ၊ ရင်းနှီးမြှုပ်နှံမယ့်ကုမ္ပဏီများ လိုအပ်ပါတယ်။ SC Auto လုပ်ငန်းကိုကြိုဆိုပါတယ်ဟု ပြောခဲ့သည်။ SC Auto ကို ၁၉၉၆ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး လက်ရှိတွင် ယာဉ်ထုတ်လုပ်သည့် စက်ရုံဖြစ်နေပြီဖြစ်သည်။ ဘတ်စ်ကားတွင် SC Neustar နှစ် ၂၀ တိုင်အောင် သံချေးမတက်သော Tensile Strength မြင့်မား၍ ပေါ့ပါးသော Ferritic Stainless Steel ကို အသုံးပြုထားကြောင်းသိရသည်။

**Source : yangonmedia.com**

# ပြည်ပကို ကျွဲနွားတင်ပို့ရေး အရင်ထက်ပိုလွယ်လာနိုင်မလား

တိရစ္ဆာန်တွေကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်မှုအာဏာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို အပ်နှင်းလိုက်တဲ့အတွက် ပြည်ပသို့ ကျွဲနွားတင်ပို့ရေးလုပ်ငန်းစဉ်တွေမှာ အရင်ကထက်လွယ်ကူလာမယ်လို့ မျှော်မှန်းထားကြောင်း ကျွဲနွားကုန်သည်အချို့ကဆိုပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအနေနဲ့ အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေ ပုဒ်မ ၄(ခ)အရ တိရစ္ဆာန် တစ်မျိုးမျိုးကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ကြေညာကာ သည့်တိရစ္ဆာန်နဲ့ စပ်လျဉ်းပြီး သတ်ဖြတ်မှု၊ ဖမ်းဆီးမှု၊ ခိုင်းစေမှု၊ မွေးမြူမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ရောင်းဝယ်မှု၊ လက်ဝယ်ထားမှု၊ သိုလှောင်မှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှု၊ အသုံးပြုမှု၊ စားသုံးမှုတို့နဲ့ သက်ဆိုင်တဲ့ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး တားမြစ်မိန့်၊ စည်းမျဉ်း သတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နဲ့လိုအပ်သလို ဆောင်ရွက်စေမယ့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို အပ်နှင်းလိုက်ပြီလို့ မေလ ၂၂ ရက်နေ့ရက်စွဲနဲ့ အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားတာဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌဦးသန်းထွန်းဦးက မွေးကုဌာနက တာဝန်ယူရမယ်လို့ထင်ပါတယ်၊ အဲဒီတော့ မွေးကုရဲ့လမ်းညွှန်မှုခံယူရမှာ၊ လက်ရှိမှာသွားနေရတဲ့ ဖြတ်သန်းနေရတဲ့ဒေသန္တရအမိန့်တို့ ၊ အဲဒါတွေတော့ ကျွန်တော်တို့ သက်သာသွားပါမယ်လို့ ပြောပါတယ်။ အရင်ကတော့ ကျွဲနွားတွေ ပြည်ပသို့ စတင်တင်ပို့တော့မယ်၊ ပြည်တွင်းမှာ တစ်နေရာနဲ့တစ်နေရာ ဖြတ်သန်းသွားလာမယ်ဆိုရင် မြို့နယ်အုပ်ချုပ်ရေးမှူး ၊ မြို့နယ်ရဲ့စတဲ့ ဒေသန္တရအမိန့်ကိုရယူပြီးမှ ဖြတ်သန်းသွားလာကြရတာဖြစ်ပါတယ်။ သည့်အတွက် တစ်နေရာနဲ့တစ်နေရာ သွားလာဖို့လည်း ခဲယဉ်းတယ်လို့ ကျွဲနွားကုန်သည်တွေကဆိုပါတယ်။ ဦးသန်းထွန်းဦးက အရင်ကထက်တော့ လွယ်ကူမယ်လို့ မျှော်လင့် ပါတယ်၊ ဒါတွေကလဲ ကျွန်တော်တို့ အလိုချင်ဆုံးအရာတွေပါလို့ ပြောပါတယ်။

ဒါပေမဲ့ နောက်ထပ်လာမယ့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊ ဒါမှမဟုတ်ဝန်ကြီးဌာန လက်အောက်မှာ ရှိတဲ့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရဲ့ အမိန့်ညွှန်ကြားချက်တွေ သည်ကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုလာမလဲ ဆိုတာတော့ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးအနေနဲ့ကတော့ အခုလို အာဏာကို လွှဲပြောင်း အပ်နှင်းလိုက်တဲ့အတွက် ၁၉၉၉ ခုနှစ် စက်တင်ဘာ ၂၁ ရက်နေ့ ရက်စွဲပါ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဌာန(စိုက်ပျိုးရေးဌာနစု)ရဲ့ အမိန့်ကြော်ငြာ စာအမှတ် ၂၂ (ယခင် တိုင်းနှင့် ပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီဥက္ကဋ္ဌများသို့ ကျွဲ၊ နွားတွေနဲ့ စပ်လျဉ်းပြီး အာဏာအပ်နှံထားတဲ့ အမိန့်)ကို သည်ကြော်ငြာစာနဲ့ လွှမ်းမိုး ပယ်ဖျက်လိုက်တယ်လို့လည်း ထုတ်ပြန် ချက်မှာ ဖော်ပြထားပါတယ်။

**Source: kumudranews**

# STOCK EXCHANGE (29.5.19)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 29th May. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 1,225 | 13,475,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,150 | -50 | -1.56% | 3,200 | 3,200 | 3,150 | 2,374 | 7,586,800 | 38,929,150 | 122,627 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 210 | 1,617,000 | 10,400,986 | 80,088 |
| FPB | 00004 | 22,000 | -500 | -2.22% | 22,000 | 22,000 | 22,000 | 24 | 528,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,950 | +50 | +1.72% | 2,950 | 2,950 | 2,950 | 218 | 643,100 | 12,212,906 | 36,028 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 433.16 | -1.88 | -0.43% | 435.49 | 435.49 | 433.16 | 4,051 | 23,849,900 | 5 | 591,368 |


**Index chart**




## Market Overview

As of 1:00 pm, 29th May. 2019

| MYANPIX | 433.16 ▼ 1.88 |
|---|---|
| Total Volume (shares) | 4,051 |
| Total Value (MMK) | 24 mil |
| Listed Company | 5 |
| Market Cap. (MMK) | 591,368 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 22,000 | ▼ 500 |
| TMH | 00005 | 2,950 | ▲ 50 |